# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၂၇ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၉ - ၉ - ၂၀၁၁ ]

# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၇ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) ၏ **ပုဂ္ဂလိကမှ အလုံးစုံ ပိုင်ဆိုင်စီမံခန့်ခွဲပိုင်ခွင့်ရှိသော နေ့စဉ်ထုတ် ပုဂ္ဂလိက သတင်းစာ ထုတ်ဝေခွင့်ကို ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **ယာဉ်မတော်တဆမှုများနှင့် ယာဉ်မတော်တဆမှုများကြောင့် လူများထိခိုက်ဒဏ်ရာရသေဆုံးမှုများ လျော့နည်းကျဆင်းစေရေးအတွက် စနစ်တကျ စီမံချက်ချမှတ်အကောင်အထည် ဖော် ဆောင်ရွက်နေခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **လေးမြို့ရေအား လျှပ်စစ်စီမံကိန်းနှင့် စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းတို့၏ သဘာဝရင်းမြစ် ပျက်စီးထိခိုက်မှုနှင့် အကျိုးပြုမှု လေ့လာဆန်းစစ်သည့် စာတမ်းအား ပညာရှင် အဖွဲ့ဖြင့် ကောက်ယူမှုရှိပါက ဒေသခံပြည်သူများသိရှိအောင် ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် **ပြည်ထောင်စု မဟာဓါတ်အားလိုင်းမှတစ်ဆင့် ရခိုင်ပြည်နယ် မြို့နယ်များသို့ ဓါတ်အားပို့လွှတ်ရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ကျောင်းသူကျောင်းသားများ အေးချမ်းလုံခြုံစွာဖြင့် ပညာဆည်းပူးနိုင်ရေးအတွက် တက္ကသိုလ်များက စီမံခန့်ခွဲသော အစိုးရကျောင်းဆောင်များကို ပြန်လည်ထူထောင် ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မြန်မာနိုင်ငံသည် ကမ္ဘာ့လက်နက်ဖျက်သိမ်းရေးကော်မတီတွင် မြန်မာနိုင်ငံအနေဖြင့် ဦးဆောင်မှု အခန်းကဏ္ဍ၌ မည်မျှအောင်မြင်မှု ရနေကြောင်းနှင့် အခက်အခဲများ ကြုံတွေ့နေရပါက မည်ကဲ့သို့ အခက်အခဲများ ကြုံတွေ့နေရသည်ကို သိရှိ လိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က သမဝါယမဝန်ကြီးဌာနက စီမံခန့်ခွဲသော သမဝါယမအသင်းဥပဒေ(၁၉၉၂)အား လိုအပ်သော ပြင်ဆင်ဖြည့်စွက်မှုများနှင့် ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ချက် အစီရင်ခံစာ တင်သွင်းခြင်း နှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၇။ ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မြန်မာ့လေကြောင်း (Myanmar Airways)ကို နိုင်ငံ့ဂုဏ်ဆောင်လေကြောင်းလိုင်း (National Flag Carrier) အဖြစ် ကမ္ဘာ့အလယ်တွင် ဆက်လက်ရပ်တည်၍ နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန်အတွက်(၁၉၅၂ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံလေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေအမှတ်-၃၉) ကို ပြန်လည် ပြင်ဆင်သည့် ဥပဒေ တစ်ရပ်ထုတ်ပြန် ဆောင်ရွက်ပေးသင့်ပါကြောင်း** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များမပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာ ခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း။

၁၀။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့သော အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် များ မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ တင်ပြခြင်း။

၁၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၇ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၈ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။